ပြည် ထောင် စု သမ္မတ မြန် မာ နိုင် ငံ တော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
**မြန် မာ့ မီး ရ ထား**

စာအမှတ်၊၃၅၁- အလ -၂၀၁၈(MIHL)(၃၅)
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

သို့

Meeyahta Development Limited

အကြောင်းအရာ။ **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအပေါ်သဘောထားမှတ်ချက် ပြန်ကြားလာခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁) Meeyahta Development Limited ၏ ၁၄.၉.၂၀၁၈ ရက်စွဲပါ စာအမှတ်၊ YCP-MDL-MR-LET- 485

(၂) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ ၂.၁၁၂၀၁၈ ရက်စွဲပါစာအမှတ်၊ (သစ်တော)၃(၂)/၁၆(ဃ)(၄၂၁၃/၂၀၁၈)

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ မြန်မာ့မီးရထားပိုင်မြေဧရိယာ(၆.၃၆)ဧကပေါ်တွင် Meeyahta Development Limited မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် Landmark Project စီမံကိန်းအတွက် ထပ်မံဖြည့်စွက်ပြုစုပြီး ရည်ညွှန်း(၁)ပါစာဖြင့် ပြန်လည်တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာအား အတည်ပြုပြန်ကြားပေးနိုင်ပါရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခဲ့ခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုပါကြောင်းနှင့် အလေးထားလိုက်နာဆောင်ရွက်ရန်အချက်များကို ရည်ညွှန်း(၂)ပါစာဖြင့် ပေးပို့လာမှုအား သိရှိနိုင်ပါရန်နှင့် လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ရန် ပူးတွဲပေးပို့အကြောင်းကြားပါသည်။

ပူးတွဲ- စာမိတ္တူ(၁)စောင်(၅)ရွက်

[stamp:] ...OM... ...ECT 04 DEC 2018

(signature) ၂၀၁၁

ဦးဆောင်ညွှန်ကြားရေးမှူး (ကိုယ်စား)
(စိုင်းသော်လင်း၊ ဒုတိယအထွေထွေမန်နေဂျာ/အုပ်ချုပ်ရေး)

မိတ္တူကို

အထွေထွေမန်နေဂျာ (စီးပွားရေး)ပူးတွဲ- စာမိတ္တူ(၁)စောင်(၅)ရွက်

ရုံးလက်ခံ/ မျှောစာတွဲ


လိပ်စာ
မြန်မာ့မီးရထားရုံးချုပ်
နေပြည်တော်ဘူတာ
နေပြည်တော်

Fax အမှတ်
၀၆၇ - ၇၇၀၁၆

တယ်လီဖုန်း
၀၆၇-၇၇၀၀၀


...1-Ahla-2018(MIHL)(35)(15-11).doc

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် (သစ်တော)၃(၂)/၁၆(ဃ)(၄၂၁၃/၂၀၁၈)
ရက်စွဲ ၊၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

သို့
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ Meeyahta Development Limited မှအကောင်အထည်ဖော်ဆောင်ရွက်မည့် Landmark Project စီမံကိန်း၏ ပြန်လည်တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာအပေါ် သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည်ညွှန်းချက် ။ (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၄-၄-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ရထ-၂/ရက(MIHL)/၂၀၁၈ (၁၁၁၃/ ၂၀၁၈)

(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၄-၇-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ရထ-၂/ရန (MIHL)/၂၀၁၈ (၁၈၇၃)

(၃) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၅-၁၀-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ရထ-၂/ရန (MIHL) / ၂၀၁၈(၂၉၁၅)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ Meeyahta Development Limited (MDL) မှ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ မြန်မာ့မီးရထားပိုင် မြေဧရိယာ (၆.၃၅) ဧကတွင် B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် Landmark Project ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA) အစီရင်ခံစာကို စိစစ်အတည်ပြုပေးနိုင်ပါရန် ရည်ညွှန်းပါစာများဖြင့် ပေးပို့လာပါသည်။

၂။ အဆိုပါပေးပို့လာမှုနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် စိစစ်ရာတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် Landmark Project ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA) အစီရင်ခံစာသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၆၃) ပါ အချက်များနှင့်ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသဖြင့် တင်ပြလာသည့်အစီရင်ခံစာကို အတည်ပြုပါကြောင်းနှင့်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါဖော်ပြချက်ကတိကဝတ်များအရ Meeyahta Development Limited (MDL) မှ Landmark Project အား အကောင်အထည်

ဖော်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များကို အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) EIA အစီရင်ခံစာတွင်ဖော်ပြထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများ၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ၊ ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များကို အတိအကျ လိုက်နာဆောင်ရွက်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကိုဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့်လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးက စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်ရန်၊

(ဂ) IFC' Performance Standards၊ Asia Development Bank's (ADB) Safeguard Policy၊ National Environmental Policy and Other Applicable Laws များကို လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်နှင့်အညီ အပြည့်အဝလိုက်နာ ဆောင်ရွက်ရန်နှင့် IFC General Guidelines၊ IFC Tourism and Hospitality Development Guidelines နှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို အပြည့်အဝလိုက်နာ ဆောင်ရွက်ရန်၊

(ဃ) စီမံကိန်းလုပ်ငန်းအတွင်းပါဝင်သည့် ရေးဟောင်းမီးရထားရုံးဟောင်း၊St. Gabriel Church နှင့်စီမံကိန်းဘေးကပ်လျက်ရှိသောမိုလ်ချုပ်အောင်ဆန်းဈေးကို စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကြောင့် ထိခိုက်ပျက်စီးမှုမရှိစေရေး အထူးအလေးပေးလိုက်နာဆောင်ရွက်ရန်၊

(င) အခန်း (၄.၅) တွင် ဖော်ပြထားသည့်အတိုင်း Energy Efficiency၊ Water Efficiency နှင့် Materials Efficiency ဖြစ်စေမည့် IFC ၏ Excellence in Design for Greater Efficiency (IFC EDGE) ကို ရယူဆောင်ရွက်ရန်၊

(စ) စီမံကိန်းအဆောက်အဦများတည်ဆောက်ရာတွင် အစီရင်ခံစာ၏ဇယား (၄.၃) ပါ ဆောက်လုပ်မည့် အဆောက်အဦအရေအတွက်၊ အထပ်အမြင့်၊ ဆောက်လုပ်မည့်ဧရိယာဖော်ပြချက်များနှင့်အညီ ဆောက်လုပ်ရန်နှင့်ဖော်ပြချက်များအား ပြောင်းလဲ

ဆောင်ရွက်မည့်ဆိုပါက သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများထံသို့ ဆက်သွယ်၍ သဘောထားနှင့် ခွင့်ပြုချက်များ ရယူရန်၊

(ဆ) မြေလျှောက်ဒဏ်နှင့် ရေကြီးရေလျှံမှု အစရှိသည့် သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန်နှင့် စီမံကိန်းဒီဇိုင်းပုံစံဆိုင်ရာဘေးကင်းလုံခြုံစေရေးအတွက် High-rise Building Project (CQHP) လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသည့် Building Code နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဇ) အဆောက်အဦများတွင် တပ်ဆင်အသုံးပြုမည့် အအေးပေးစက်၊ အေးခဲစက်၊ လေအေးပေးစက်၊ မီးသတ်ဆေးဗူး၊ လျှပ်စစ်ပစ္စည်းများ အစရှိသည့် ပစ္စည်းများအသုံးပြုရာတွင် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေပြီး အိုဇုန်းလွှာပျက်စီးမှုကို ဖြစ်ပေါ်စေသောဒြပ်ပစ္စည်းများကို အသုံးပြုထုတ်လုပ်သည့် ပစ္စည်းများသုံးစွဲရာတွင် သက်ဆိုင်ရာမှ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းတပ်ဆင်အသုံးပြုရန်၊

(ဈ) စောင့်ကြည့်စစ်ဆေးမည့်အစီအစဉ်နှင့်ပတ်သက်၍အခန်း(၈.၈.၁)နှင့် ဇယား(၈-၄)၊ (၈-၅)အား ထိရောက်စွာအကောင်ထည်ဖော်ဆောင်ရွက်ရ၍ လုပ်ငန်းလည်ပတ်ချိန်ကာလတွင် Groundwater Level အား စောင့်ကြည့်စစ်ဆေးနိုင်ရန် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း Monitoring Well တပ်ဆင်၍ တစ်လလျှင်နှစ်ကြိမ် စောင့်ကြည့်တိုင်းတာစစ်ဆေးရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) တွင် ဖော်ပြထားသော အခန်း (၉) စောင့်ကြပ်ကြည့်ရှုခြင်း နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ည) ရေရှည်တွင် မြေအောက်ရေသယံဇာတအပေါ် မှီခိုသုံးစွဲမှုလျှော့ချနိုင်ရန်အတွက် Rain Water-Harvesting System ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအစီအမံများကို အလေးပေးဆောင်ရွက်ရန်၊

(ဋ) စီမံကိန်းဝင်းအတွင်း ပါရှိသည့် First Myanmar Investment Co. Ltd (FMI) Centre ၊ Grand Meeyahta Executive Residence ၊ Zawgyi House နှင့် အခြားအဆောက်အဦးအသေးစားများကို ဖြိုဖျက်သည့်အခါထွက်ရှိမည့် အန္တရာယ်ရှိသည့် ပစ္စည်းများဖြစ်သော ကျောက်ဂွမ်း ပါဝင်သည့်ပစ္စည်းများ [Asbestos Containing Materials (ACM)] ၊ သတ္တုဖိုင်ဘာမျှင်အတုများ [Synthetic Mineral Fibre (SMF)] ၊ Polychlorinated Biphenyls (PCB)၊ ခဲပါဝင်သည့် သုတ်ဆေးများ [Lead Based Paints (LBP)] ၊ အိုဇုန်းလွှာကို ပျက်စီးစေသည့် ပစ္စည်းများ [Ozone Depleting Substances (ODS)] ၊ ရေဒီယိုသတ္တိကြွ မီးခိုးထောက်လှမ်းရေးကိရိယာများ (radioactive smoke detectors) ၊ ပြဒါး

ပါဝင်သည့် ပစ္စည်းများ၊ အန္တရာယ်ရှိသောဓာတုဗေဒပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ စွန့်ပစ်မှုများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ အပြည့်အဝလိုက်နာဆောင်ရွက်ရန်၊

(ဌ) တည်ဆောက်ရေးလုပ်ငန်းများအတွက် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုအစီရင်ခံစာကို EIA အစီရင်ခံစာအား အတည်ပြုချက်ရရှိပြီး နောက် (၆) လအတွင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြရန်၊

(ဍ) မြေဆီလွှာ/အနည်အနှစ်များနှင့်မြေအောက်ရေညစ်ညမ်းမှုအတွက် Dutch Standards 2009 (Rev 2012) နှင့်နှိုင်းယှဉ်ထားမှုအရ chromium နှင့် molybdenum ၊ PAHs နှင့် mineral oil အရောအနှောများမှလွဲ၍ အခြားသတ္တုများနှင့် သတ္တုစပ်များအားလုံးတွင် သတ်မှတ်စံချိန်စံညွှန်း ကန့်သတ်ချက်အထက် ကျော်လွန်နေသည်သဖြင့် ညစ်ညမ်းမှုအဆင့်သည် ပြင်းထန်ကြောင်း စိစစ်တွေ့ရှိရသဖြင့် စီမံကိန်းဆောင်ရွက်မှုကြောင့် မူလညစ်ညမ်းမှုအခြေအနေထက် ပိုမိုညစ်ညမ်းမှု မဖြစ်ပေါ်စေရေး အထူးအလေးပေးဆောင်ရွက်ရန်နှင့် မြေအောက်ရေညစ်ညမ်းမှု စောင့်ကြည့်စစ်ဆေးမှုကို စောင့်ကြည့်စစ်ဆေးမှု အစီရင်ခံစာတွင် တင်ပြရန်၊

(ဎ) စီမံကိန်းနှင့်ပတ်သက်သည့် Project Design and Operation ပြောင်းလဲမှုရှိပါက MDL သည် ပူးပေါင်းဆောင်ရွက်သူများကိုယ်စား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အကြောင်းကြားတင်ပြရန်၊

(ဏ) ယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများဖြစ်သည့် ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်နှင့်အခြားသော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အဦများ၊ St. Gabriel's Church အပေါ်ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အစီအမံများနှင့်ရယူရန်လိုအပ်သော ခွင့်ပြုချက်များအား စီမံကိန်းလုပ်ငန်းများ မစတင်မီ ကြိုတင်ရယူဆောင်ရွက်ရန်၊

(တ) စီမံကိန်းတည်ရှိသည့် ပလျှင်နံ 2B အတွက် သတ်မှတ်ထားသော CQHP ဒီဇိုင်းလိုအပ်ချက်များနှင့်အညီ ပလျှင်ဒဏ်ခံနိုင်ရည်ရှိစေရန် အဆောက်အဦဒီဇိုင်းအား သတ်မှတ်ခွင့်ပြုချက်များနှင့်အညီ ဆောက်လုပ်ရန်နှင့် သတ်မှတ်ထားသည့် အထပ်အရေအတွက်အတိုင်းဆောင်ရွက်ရန်၊

(ထ) မတော်တဆဖြစ်စဉ်၏ ပတ်ဝန်းကျင်ထိခိုက်မှုအတွက် အာမခံလျော်ကြေးပေးသည့်စနစ်ထားရှိရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုအကျိုးဆက်များအား ပြီးပြတ်သည်အထိဆောင်ရွက်ရန်၊

(ဒ) လေထုအရည်အသွေး စမ်းသပ်တိုင်းတာခြင်းတွင် $PM_{10}$ နှင့် $PM_{2.5}$ ၊ $NO_2$ နှင့် $SO_2$ တို့သည် လေ့လာစောင့်ကြည့်သည့်အမှတ်များအားလုံး၌ NEQEG (2015) ထက်များပြားနေကြောင်း စိစစ်တွေ့ရှိရသဖြင့် လေအရည်အသွေးစောင့်ကြည့်စစ်ဆေးမှုအစီအစဉ်အား အစီရင်ခံစာ၏ စောင့်ကြည့်စစ်ဆေးမှု အစီအစဉ်ပါအတိုင်း (၁) လ တစ်ကြိမ် တိုင်းတာရန်၊

(ဓ) ဒေသခံပြည်သူများ (Stakeholders) နှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

၀၂/၁၁/၂၀၁၈

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
( ဝင်းဖော် ၊ ဒုတိယအမြဲတမ်းအတွင်းဝန် )

မိတ္တူကို
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

The Republic of the Union of Myanmar

MOTC

MR

Letter No: 351-AhLa2018(MIHL)(35)

Date: 20.11.2018

To

MDL

Subject: Reply of comments on ESIA Report

Reference: (1) Letter of MDL YCP-MDL-MR-LET-485 dated 14.9.2018

(2) Letter of MONREC (Forest) 3(2)/16(D)4213/2018 dated 2.11.2018

In connection with the coordination to MONREC via reference letter (1) to approve the EIA report of Landmark Project to be developed by MDL on MR land of (6.36) acres at the corner of Bogyoke Aung San Road and Sule Pagoda Street, Pabedan Township, Yangon Region, I hereby forward the attached reference letter (2) with the approval and terms to be followed strictly.

Attached – 1 Copy of letter (5 sheets)

For Managing Director

Sai Thaw Lin, DGM (Admin)

Cc – GM (Commercial) Attached – 1 copy of letter (5 sheets)

O/C

Government of the Republic of the Union of Myanmar
Ministry of National Resources and Environmental Conservation
Ministry Office

Letter No (Forest 3(2)/16(D) (4213/2018)
Date 2.11.2018

To
Ministry of Transport and Communications (MOTC)

Subject : Replying comment on EIA Report of Landmark Project to be developed by Meeyahta Development Limited

Reference : (1) Letter of MOTC _YaHta 2/ Yaka (MIHL)/2018 (1113/2018) dated 24.4.2018
(2) Letter of MOTC_YaHta 2 /YaNa (MIHL)/2018 (1873) dated 4.7.2018
(3) Letter of MOTC_YaHta 2/YaNa (MIHL)/2018 (2915)

1. With respect to the subject above, it was submitted to us via letters of reference to approve the EIA Report of Landmark Project to be developed on MR land of 6.35 acres on BOT basis by MDL at the corner of Bogyoke Aung San Road and Sule Pagoda Street in Pabedan Township, Yangon Region.
2. In reviewing that submission by MONREC, it is found out that the EIA Report of the Landmark Project to be developed is in line with the EIA Review Procedure No. 63 and thus, I hereby approve the EIA Report. Following shall be followed and strictly followed by MDL in accordance with pledge expressed in the EIA Report.
   (a) To strictly follow the standards of environmental, social and health, international agreements, existing laws of Myanmar, law, by-laws and procedures for environmental conservation expressed in the EIA Report.
   (b) To fully comply with all law, by-laws, procedures, Environmental Management Plan and reputations by all sub-contractors in implementing the Project while the person who proposes the Project fully follows the EMP, all project undertakings and regulations.
   (c) To fully follow the pledge to comply in IFC Performance standards, ADB Safeguard Policy; National Environmental Policy and other applicable laws. To fully comply with the National Guidelines on air quality (emission) and IFC General Guidelines, IFC Tourism and Hospitality Development Guidelines.
   (d) To take special care not to affect and damage the adjacent BAS Market, St. Gabriel Church and MRB due to the project construction works.
   (e) To obtain IFC's Excellent Design for Greater Efficiency (IFC EDGE) which will enhance Energy Efficiency, Water Efficiency as expressed in Chapter 4-5.
   (f) In constructing the project buildings, to construct in line with construction area, height, number of building stated in table 4.3 of the Report and if needed to change, to take recommendation approval of the departments/organizations concerned.
   (g) To comply with High-Rise Building Project (CQHP) guidelines on Project Design Safety, and to present natural disasters such as earthquake and flood, and the Building code stipulated by the Ministry concerned.

(h) In using materials which can cause ozone depletion and climate change by air conditioners, chillers free gas, fire extinguishers, electrical apparatus to be installed in building, to installed in line with the stipulations of responsible departments.
(i) In monitoring, to effectively implement the Chapter (8.81) tables (8-4) and (8-5); and when operating to monitor twice a month by installing monitoring well to monitor Ground Water Level as mentioned in the Report. And to comply Chapter 9 monitoring as mentioned in EIA Procedures (2015)
(j) Ti reduce dependency on underground water resources in long term, to emphasize plans on implementation of Rain Water Harvesting System
(k) When disposing dangerous chemical mercury based materials radioactive smoke detectors, Ozone Depleting Substances (ODS), Lead base Paints (LBP) Polychlorinated Biphenyls (PCB), Synthetic Mineral Fibres (SMF) Asbestos Containing Materials (ACM) which would be produced in demolishing FMIC, GMER, Zawgyi House and other small buildings in the project compound, to fully follow the instructions of YCDC.
(l) To submit the Environment and Social Monitoring Report to MONREC within 6 months after receiving the EIA Report Approval.
(m) Soil/sendiments and contaminated ground water was compared against Dutch Standards 2009 (rev 2012) and the results are higher than the standard values except Chromium and molybdenum, PAHs and mineral oil. As such the contaminated level is considered as very high. Monitoring and control systems should be in placed and conduct effectively.
(n) If there is any changes regarding the Project Design and Operation, MDL shall inform ECD as a representative of other investment partners
(o) Impact Assessment and monitoring should be carried and to seek necessary permits regarding the Heritage Buildings such as Shwe Dagon Pagoda, Sule Pagoda, other heritage buildings and St. Gabriel's Church
(p) Location of the Project is Earthquake 2B, therefore buildings should be in compliance with set out design rules by CQHP and mitigation measures for Earthquake. The heights of the buildings shall not exceed the limit height
(q) The insurance should be allocated for any environmental incidents caused and to take the responsibility till it is resolved
(r) Monitoring records of air quality PM 10, PM 2.5, NO2 and SO2 were exceeding NEQEG (2015), the monitoring of air quality shall be carried out once a month
(s) To have a regular stakeholder engagement, and to consider seriously of the stakeholders comments and suggestions.

Union Minister (On Behalf)
(Win Zaw, Deputy Permanent Secretary)

Copy :

Director General
Environmental Conservation Department